ဇန္နဝါရီ (၇)

## ဘုရားသခင်ကိုချစ်ရန်အတွက် သင်သည်သူ့ကိုနားလည်ဖို့မလိုပါ။

**မည်**သူမျှဘုရားသခင်အား အပြည့်အဝ နားလည်နိုင်လိမ့်မည်မဟုတ်။ ထိုအခြင်းအရာက မဖြစ်နိုင်။ အဘယ်ကြောင့်ဆိုသော် သူ၏နည်းလမ်းများက မိမိတို့ နည်းလမ်းများထက် အလွန်တရာ ပိုမိုမြင့်မားလှကြောင်း သူကပြောသည်။ “မိုဃ်းကောင်းကင်သည် မြေကြီးထက်သာ၍ မြင့်သကဲ့သို့ ငါ၏အကျင့်သည် သင်တို့၏အကျင့်ထက်၎င်း၊ ငါ၏အကြံအစည်သည် သင်တို့၏အကြံအစည်ထက်၎င်း သာ၍မြင့်၏” (ဟေရှာယ ၅၅း၉)။ သူ၏ချစ်ခြင်းမေတ္တာကို ယုံကြည်ခြင်းဖြင့်သာ လက်ခံလိုက်ပြီး ဘုရားသခင်အား စဉ်းစားဖေါ်ထုတ်ရန် ကြိုးစားနေခြင်းကို မေ့ပစ်လိုက်ပါ။

ထိုအချင်းအရာကို လွယ်ကူရှင်းလင်းအောင် သခင်ယေရှုကြိုးစားခဲ့သည်။ သူက “သင်တို့သည်ပြောင်းလဲ၍သူငယ်ကဲ့သို့မဖြစ်လျှင်ကောင်းကင်နိုင်ငံတော်သို့မရောက်ရကြ။” (မဿဲ ၁၈း၃) ကလေးသူငယ်တစ်ဦးက သူ၏အမေသော်၎င်း အဖေသော်၎င်း ၎င်းတို့နှင့်ပတ်သက်သောအရာအားလုံးကို မည်မျှသိရှိနားလည်ပါသနည်း။ သူမည်သို့မွေးဖွားလာခဲ့ကြောင်း သူ့ဘဝနှင့်ပတ်သက်သော အရာအားလုံးအကြောင်း သူမည်မျှသိရှိနားလည်ပါသနည်း? သို့သော်သူသည် ဤကမ္ဘာလောကကြီးထဲ နက်ရှိုင်းလေးနက်သော ‘ချစ်ခြင်းမေတ္တာ’ ဆိုသည့်အရာနှင့် သဘာဝအလျောက် လိုက်လျောညီထွေစွာ ယဉ်ပါးလျက်ရှိနေခဲ့သည်။ သူ၏မိဘများတို့၏ ချစ်ခြင်းမေတ္တာကို ခံစားလက်ခံယူပြီး ချစ်ခြင်းမေတ္တာဖြင့် ပြန်လည်တုံ့ပြန်သည်။

သမ္မာကျမ်းစာက “ဘုရားသခင်သည် နာမ်ဝိညာဉ်ဖြစ်သည်” ဟု မိမိတို့အားပြောပြသည်။(ယော၄း၂၄) ”ဘုရားသခင်သည်ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏”ဟုပြောထားသည်။ သူသည် သင်၏နှလုံးသားထဲတွင် ချစ်ခြင်းမေတ္တာ၏ ဝိညာဉ်တော် စစ်စစ်ပင်ဖြစ်သည်။ ဘုရားသခင်နှင့်သူ၏ ချစ်ခြင်းမေတ္တာကို အပြည့်အဝနားလည်ရန်မဖြစ်နိုင်။ သို့သော် သူ၏ ချစ်ခြင်းမေတ္တာကိုလက်ခံပြီး အပြန်အလှန်အားဖြင့် သူ့ကိုချစ်ရန်ဖြစ်နိုင်သည်။ ချစ်ခြင်းမေတ္တာ၏ ဘုရားသခင်နှင့် ကိုယ်ပိုင်သီးသန့်ဆက်သွယ်မှုကို ပြုခြင်းကအလွန်ပင်ရိုးစင်းလှသောကြောင့် ထိုအချင်းအရာကို လူပေါင်းများစွာက မယုံကြည်နိုင်ကြ။ ယင်းက ယုံကြည်ခြင်းဖြင့်တောင်းခံပြီး ရယူလက်ခံခြင်းနှင့်ဆိုင်သော အရာပင်။